# အမျိုးသားကျန်းမာရေးသုတေသနမူဝါဒ (၂၀၁၇)

၁။ သုတေသနလုပ်ငန်းများ ထပ်တူဆောင်ရွက်မှု မဖြစ်စေရေး၊ သုတေသနတွေ့ရှိချက်များကို ထိရောက်စွာ ဖြန့်ဝေပေးရေး နှင့် သင့်လျော်စွာ အသုံးချနိုင်ရေးအတွက် အမျိုးသား ကျန်းမာရေး သုတေသနဆိုင်ရာ သတင်းအချက်အလက်စနစ် ထူထောင်ရမည်။

၂။ အမျိုးသားကျန်းမာရေးသုတေသနအစီအစဉ် ရေးဆွဲချမှတ်ရမည်။

၃။ သင်ကြားရေးနှင့် ကျန်းမာရေးသုတေသနဌာနများရှိ ခိုင်မာစွာ တစ်ပြေးညီ ဖွဲ့စည်းထား သော သုတေသနစမ်းသပ်မှုဆိုင်ရာ ကျင့်ဝတ်ကော်မတီများကို ကွန်ယက်သဖွယ် ချိတ်ဆက် လမ်းညွှန်မှုဖြင့် ကျန်းမာရေးသုတေသနများအား ကျင့်ဝတ်နှင့်အညီ ဆောင်ရွက်နိုင်ရန် အလေးပေးပံ့ပိုးရမည်။

၄။ စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အချက်အလက်များကို ထည့်သွင်း စဉ်းစား၍ နည်းလမ်းအမျိုးမျိုးကိုအသုံးပြုပြီး ကျန်းမာရေးသုတေသနလုပ်ငန်းနှင့် ဆက်စပ် နေသောကဏ္ဍများ၊ နီးနွယ်နေသောဌာနများအကြား ကွန်ရက်ချိတ်ဆက်ပူးပေါင်း၍ လုပ်ငန်း စဉ်များ တိုးမြှင့်ဆောင်ရွက်ရမည်။

၅။ ကျန်းမာရေး သုတေသနလုပ်ငန်းများတွင် ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့ အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ချိတ်ဆက်ပူးပေါင်းမှု ပိုမိုအားကောင်း အောင်ဆောင်ရွက်ရမည်။

၆။ ကျန်းမာရေးသုတေသနနှင့် သင်ကြားရေးဆိုင်ရာဌာနများတွင် ကောင်းစွာသက်ဝင်လှုပ်ရှား နေသည့် “တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော သုတေသနဆောင်ရွက်မှု” စနစ်တစ်ရပ် ထူထောင် ရမည်။

၇။ ကောင်းမွန်သော သုတေသနအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးခြင်းနှင့် သုတေသန လုပ်ငန်းဆောင်ရွက်နိုင်ရန် ကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေ ဖန်တီးပေးခြင်းဖြင့် သင်ကြားရေးဆိုင်ရာဌာနများတွင် သုတေသနဆောင်ရွက်ရန် အားပေးရမည်။

၈။ လူတိုင်းလက်လှမ်းမီနိုင်သည့် ကျန်းမာရေးလွှမ်းခြုံမှု(Universal Health Coverage) အပါ အဝင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ နိုင်သည့် စိန်ခေါ်မှုများကို ဖြေရှင်းနိုင်ရန် ငွေကြေးကုန်ကျသက်သာ၍ အရည်အသွေးပြည့်မီ ထိရောက်သော ကျန်းမာရေးစနစ်ဆိုင်ရာ သုတေသန (Health Systems Research) အရေး ပါသော သိပ္ပံနည်းကျ တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရန်

ကြိုးပမ်းသည့်သုတေသန (Translational Research)၊ စီမံချက်အသစ်များကို စမ်းသပ်အကောင်အထည်ဖော်သည့်သုတေသန (Implementation Research) နှင့် ဇီဝဆေးသိပ္ပံဆိုင်ရာသုတေသန (Biomedical Research) များကိုဆောင်ရွက်ရမည်။

၉။ ကျန်းမာရေးဆိုင်ရာ အရေးပေါ်နှင့် လတ်တလော လိုအပ်ချက်များကို ဖြည့်ဆည်းရန် သုတေသနလုပ်ငန်းရပ်များကို အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်ရမည်။

၁၀။ ဝေးလံခက်ခဲသောဒေသများရှိ တိုးတက်ရန်အခွင့်အလန်းနည်းပါးပြီး ချို့တဲ့သူများအပါအဝင် ကျေးလက်ဒေသများအတွက် ပြီးပြည့်စုံသော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲရာတွင် ကျန်းမာရေးသုတေသနတွေ့ရှိချက်များကို ဆီလျော်စွာအသုံးပြုရမည်။

၁၁။ ခေတ်မီနည်းပညာများအသုံးပြု၍ ဆောင်ရွက်ခြင်းဖြင့် အရည်အသွေးအာမခံနိုင်သော တိုင်းရင်းဆေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးစေရန် ဆောင်ရွက်ရမည်။

၁၂။ ကျန်းမာရေးသုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍမှ အကျိုးတူပူးပေါင်း ဆောင်ရွက်လာစေရန် အားပေးမြှင့်တင်ရမည်။

၁၃။ အမျိုးသားကျန်းမာရေး သုတေသန စီမံခန့်ခွဲမှု ဆွေးနွေးပွဲများနှင့် အမျိုးသားကျန်းမာရေးသုတေသန ညီလာခံများအပါအဝင် နည်းလမ်းပေါင်းစုံကို ဆောင်ရွက်၍ ကျန်းမာရေးသုတေသနနယ်ပယ်ကို ပိုမိုဖွံ့ဖြိုးတိုးတက်စေရမည်။

၁၄။ အမျိုးသားကျန်းမာရေးဦးစားပေး ပြဿနာများနှင့် အခြေအနေများကို ဖြေရှင်းနိုင်ရေးအတွက် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဝေဒနာရှင်ကို သက်တောင့်သက်သာရှိစေခြင်းစသည့် အရေးပါသော အမျိုးသားကျန်းမာရေးသုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သည့်ငွေကြေး၊ ပစ္စည်း၊ ကျွမ်းကျင်သူ၊ အတတ်ပညာများ မျှဝေသုံးစွဲခြင်းအပါအဝင် သုတေသနအထောက်အပံ့ရန်ပုံငွေ ရရှိနိုင်မည့် နည်းလမ်းကောင်းများကို တိုးမြှင့်ဆောင်ရွက်ရမည်။